မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၀] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency – MSA) အမှုဆောင်အရာရှိချုပ်နှင့် ဒုတိယအမှုဆောင်အရာရှိချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းလေ့လာမှုနှင့်အသုံးပြုမှုနယ်ပယ်တွင်နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏အမျိုးသားလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် တုံ့ပြန်ရေးအပါအဝင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အာကာသနည်းပညာများဖြင့် အထောက်အကူပြုနိုင်ရေး၊ အာကာသ သိပ္ပံဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါပုဂ္ဂိုလ်များအား မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency – MSA) တွင် အမှုဆောင်အရာရှိချုပ်နှင့် ဒုတိယအမှုဆောင်အရာရှိချုပ်များ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

| | | |
|---|---|---|
| (၁) | ဒေါက်တာ စိုးမြင့်မောင် | အမှုဆောင်အရာရှိချုပ်<br>ပြည်ထောင်စုဝန်ကြီးအဆင့် |
| (၂) | ဒေါက်တာ မျိုးသန့် | ဒုတိယအမှုဆောင်အရာရှိချုပ်<br>ဒုတိယဝန်ကြီးအဆင့် |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

**အဖွဲ့အစည်းများ ဖျက်သိမ်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက အမိန့်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပေးထားသော အောက်ဖော်ပြပါကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည်–

(၁) နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်

(၃) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ

(၄) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ

(၅) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီရုံးအဖွဲ့

(၆) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ

(၇) ဈေးပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ

(၈) စက်မှုဖွံ့ဖြိုးရေးကော်မရှင်

(၉) ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ

(၁၀) အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင် ကော်မတီ

(၁၁) အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau– NSB)

(၁၂) အမျိုးသားလုံခြုံရေးအဖွဲ့ (National Security Bureau– NSB) ရုံးအဖွဲ့

(၁၃) သတင်းအချက်အလက်ရယူခြင်းဆိုင်ရာမူဝါဒကော်မတီ

(၁၄) သတင်းအချက်အလက်ရယူရေးအဖွဲ့

(၁၅) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ (National Solidarity and Peace – making Central Committee)

(၁၆) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee)

(၁၇) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (National Solidarity and Peace – making Negotiation Committee)

(၁၈) အမျိုးသားစီမံကိန်းကော်မရှင်

(၁၉) ဘဏ္ဍာရေးဆိုင်ရာကော်မရှင်

(၂၀) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့

(၂၁) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ

(၂၂) လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ

(၂၃) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့

(၂၄) ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများစာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ

(၂၅) National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီ

(၂၆) လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

(၂၇) အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ

(၂၈) စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ

(၂၉) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ

(၃၀) မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီ

(၃၁) ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးဗဟိုကြီးကြပ်ကွပ်ကဲမှုအဖွဲ့

(၃၂) နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

(၃၃) လွတ်ငြိမ်းချမ်းသာခွင့်စိစစ်ရေးကော်မတီ

(၃၄) အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီ

(၃၅) နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးစိစစ်ရွေးချယ်ရေးကော်မတီ

(၃၆) မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ

(၃၇) အင်အားပြင်းမဏ္ဍလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ

(၃၈) Electronic Passport စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

(၃၉) လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်

(၄၀) အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

(၄၁) တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့

(၄၂) စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေးပဏာမစိစစ်ရေးအဖွဲ့

(၄၃) မြန်မာနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီ

(၄၄) ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့

(၄၅) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

(၄၆) အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ

(၄၇) နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

(၄၈) မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ

(၄၉) မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ

(၅၀) နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်လူငယ်ရေးရာကော်မတီ

(၅၁) e – Government ဦးဆောင်ကော်မတီ

(၅၂) ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative – BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ

(၅၃) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဦးဆောင်ကော်မတီ

(၅၄) အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

(၅၅) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ရုံးလုပ်ငန်းသုံးနှင့် ပရိဘောဂပစ္စည်းများ စနစ်တကျထိန်းသိမ်းရေးကော်မတီ

(၅၆) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ ကြီးကြပ်ရေးဦးစီးကော်မတီ

(၅၇) တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ ကြီးကြပ်ရေးကော်မတီ

(၅၈) အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာဦးဆောင်ကော်မတီ

(၅၉) အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice–ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာသတင်းအထောက်အကူပြုကော်မတီ

(၆၀) ကျောင်းကျန်းမာရေးဗဟိုကော်မတီ

(၆၁) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီ

(၆၂) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့

(၆၃) မြေယာကိစ္စများ ကြိုတင်စိစစ်ရေးအဖွဲ့

(၆၄) (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ

(၆၅) အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီ

(၆၆) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ

(၆၇) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ

(၆၈) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ

(၆၉) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ

(၇၀) ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ

(၇၁) တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ

(၇၂) ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်း ဦးဆောင်ကော်မတီ

(၇၃) ကိုရီးယား-မြန်မာစက်မှုဇုန်(Korea– Myanmar Industrial Complex – KMIC) ထူထောင်ရေး ဦးဆောင်ညှိနှိုင်းမှုကော်မတီ

(၇၄) အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များ

(၇၅) သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့

(၇၆) ဥပဒေဘာသာပြန်ကော်မရှင်

(၇၇) ကုန်သွယ်ရေးဇုန်/စခန်းများအား တည်ဆောက်ရာတွင် နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီ တစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီး တည်ဆောက်နိုင်ရန် လေ့လာသုံးသပ်အစီရင်ခံရေးကော်မတီ

(၇၈) ကုန်သွယ်ရေးဇုန်/စခန်းများအား တည်ဆောက်ရာတွင် နိုင်ငံတကာလုပ်ငန်းစဉ်နှင့်အညီတစ်ဖက်နိုင်ငံများကဲ့သို့ နယ်စပ်မျဉ်းအနီး တည်ဆောက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လေ့လာသုံးသပ်အစီရင်ခံရေးလုပ်ငန်းကော်မတီ

(၇၉) အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများမှ ရရှိမည့်ဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းရောက်ရှိစေရေးဦးဆောင်ကော်မတီ

(၈၀) အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများမှ ရရှိမည့်ဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းရောက်ရှိစေရေးလုပ်ငန်းကော်မတီ

(၈၁) အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှုကော်မတီ

(၈၂) စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့

(၈၃) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ

(၈၄) AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှုကော်မတီ

(၈၅) မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ

(၈၆) ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(Bagan National Coordinating Committee – BAGANCOM)

(၈၇) ကုန်ကြမ်းယူ၊ ကုန်ချောပေးလက်ခစားလုပ်ငန်း (Cutting, Making and Packing – CMP) များကြီးကြပ်ရေးကော်မတီ

(၈၈) အစိုးရ – ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ

(၈၉) ပင်လယ်ပြင်တွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ

(၉၀) မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးအာမခံစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးလုပ်ငန်းအဖွဲ့

(၉၁) မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကြီးကြပ်မှုကော်မတီ

(၉၂) ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ

(၉၃) အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ

(၉၄) နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee)

(၉၅) မြန်မာ – ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ

(၉၆) ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

(၉၇) ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) အကောင်အထည်ဖော်ရေးကော်မတီ

(၉၈) အကောက်ခွန်ဖြတ်သန်းသယ်ဆောင်ခြင်း(Customs Transit)ဆိုင်ရာ လုပ်ငန်းအဖွဲ့

(၉၉) ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ၊ လစာများ ပိုမိုဝင်ရောက်စေရေး ကြီးကြပ်မှုကော်မတီ

(၁၀၀) တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းကော်မရှင်

(၁၀၁) တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲရေးအကောင်အထည်ဖော်ရေးကော်မတီ

(၁၀၂) မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ

(၁၀၃) ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ

(၁၀၄) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ

(၁၀၅) ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာဦးစီးကော်မတီ

(၁၀၆) မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

(၁၀၇) ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)

(၁၀၈) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ

(၁၀၉) ဧရာဝတီမြစ်ဆုံ – မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းဦးဆောင်အဖွဲ့

(၁၁၀) အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့

(၁၁၁) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

(၁၁၂) e – Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

(၁၁၃) မူဆယ်–မန္တလေး ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်အဆင့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ (Project Steering Committee)

(၁၁၄) စည်ပင်သာယာရေးဥပဒေများစိစစ်မှုဦးဆောင်ကော်မတီ

(၁၁၅) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

(၁၁၆) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ သတင်းထုတ်ပြန်ရေးအဖွဲ့

(၁၁၇) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန် အကောင် အထည်ဖော်ရေးကော်မတီ

(၁၁၈) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့

(၁၁၉) မြေငလျင်ဆိုင်ရာ Website တည်ထောင်ရေးကော်မတီ

(၁၂၀) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ

(၁၂၁) သတင်းလွှာ(Information Sheet) ထုတ်ပြန်ရေးနှင့် တန်ပြန်သတင်းဖြန့်ချိရေးအဖွဲ့

(၁၂၂) ဥပဒေများပြင်ဆင်ခြင်းဆိုင်ရာဦးဆောင်အဖွဲ့

(၁၂၃) ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ

(၁၂၄) ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ

(၁၂၅) အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင် သား/ သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီ

(၁၂၆) (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီ

(၁၂၇) လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ

(၁၂၈) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ

(၁၂၉) လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ

(၁၃၀) လွှတ်တော်အစည်းအဝေးများကျင်းပရေး အထောက်အကူပြုလုပ်ငန်းကော်မတီ

(၁၃၁) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ

(၁၃၂) ဈေးများဆိုင်ရာဥပဒေရေးဆွဲရေးအဖွဲ့

(၁၃၃) ရောဝတီမြစ်ဆုံ – မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ်ဒေသခံကော်မတီ

(၁၃၄) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ ကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ

(၁၃၅) ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် (နေပြည်တော်) ကျင်းပရေးဗဟိုကော်မတီ

(၁၃၆) လူရည်ချွန်စီမံကိန်းဗဟိုကော်မတီနှင့် လူရည်ချွန်စခန်းလုပ်ငန်းကော်မတီများ

(၁၃၇) မြန်မာနိုင်ငံပညာရေးအခြေပြု သက်မွေးလုပ်ငန်းအဆင့်သတ်မှတ်ရေးနှင့် မှတ်တမ်းပြုစုထိန်းသိမ်းရေးအဖွဲ့

(၁၃၈) ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ

(၁၃၉) မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိလာပြီး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်း မပြုရသေးသော မော်တော်ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် ကြီးကြပ်ရေးအဖွဲ့

(၁၄၀) ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

**အဖွဲ့အစည်းများ ဖျက်သိမ်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးထားသော အောက်ဖော်ပြပါ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည်-

(၁) နိုင်ငံခြားရေးရာမူဝါဒကော်မတီဖွဲ့စည်းခြင်း

(၂) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဖွဲ့စည်းခြင်း

(၃) စီးပွားရေးရာကော်မတီ ဖွဲ့စည်းခြင်း

(၄) ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်း

(၅) တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဖွဲ့စည်းခြင်း

(၆) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းခြင်း

(၇) မြန်မာနိုင်ငံတံဆိပ်ကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ ဖွဲ့စည်းခြင်း

(၈) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

(၉) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၁၀) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း

(၁၁) ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဖွဲ့စည်းခြင်း

(၁၂) အမျိုးသားစံချိန်စံညွှန်းကောင်စီ ဖွဲ့စည်းခြင်း

(၁၃) ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေးစိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

(၁၄) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

(၁၅) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

(၁၆) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၁၇) အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၁၈) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၁၉) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၂၀) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

(၂၁) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

(၂၂) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၂၃) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ်စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းခြင်း

(၂၄) နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

(၂၅) စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(၂၆) ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

(၂၇) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

(၂၈) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

(၂၉) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

(၃၀) စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၃၁) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၃၂) နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ဖွဲ့စည်းခြင်း

(၃၃) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၃၄) ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယကတာဝန်ပေးအပ်ခြင်း

(၃၅) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(၃၆) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

(၃၇) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(၃၈) နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၃၉) ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း

(၄၀) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း

(၄၁) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC) ဖွဲ့စည်းခြင်း

(၄၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

(၄၃) အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း

(၄၄) အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

(၄၅) မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်း

(၄၆) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း

(၄၇) အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခြင်း

(၄၈) ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

(၄၉) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

(၅၀) မြန်မာ–ထိုင်း နယ်နိမိတ်မြစ်များဆိုင်ရာ နည်းပညာကျွမ်းကျင်ကော်မတီ ဖွဲ့စည်းခြင်း

(၅၁) တရုတ်–မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း

(၅၂) ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee – DEDC) ဖွဲ့စည်းခြင်း

(၅၃) မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီနှင့် မြန်မာ–ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ ဖွဲ့စည်းခြင်း

(၅၄) မြန်မာ–လာအို ဒေသဆိုင်ရာနယ်ခြားကော်မတီ ဖွဲ့စည်းခြင်း

(၅၅) မြန်မာ–လာအို ဗဟိုအဆင့်နယ်ခြားကော်မတီ ဖွဲ့စည်းခြင်း

(၅၆) အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

(၅၇) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီ ဖွဲ့စည်းခြင်း

(၅၈) မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ဖွဲ့စည်းခြင်း

(၅၉) ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(၆၀) မြန်မာ-ထိုင်း အတွင်းပိုင်းရေပြင် (Internal Waters) နယ်နိမိတ်သတ်မှတ်ရေးနှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှု ဆပ်ကော်မတီ ဖွဲ့စည်းခြင်း

(၆၁) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၆၂) မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်း

(၆၃) မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်ထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

(၆၄) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၆၅) အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၆၆) ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဖွဲ့စည်းခြင်း

(၆၇) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

(၆၈) တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

(၆၉) တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

(၇၀) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(၇၁) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယကအဖွဲ့ ဖွဲ့စည်းခြင်း

(၇၂) လူမွေးခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း

(၇၃) မြန်မာနိုင်ငံဆေးကောင်စီနာယကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

(၇၄) မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဖွဲ့စည်းခြင်း

(၇၅) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၇၆) မြန်မာနိုင်ငံစာရင်းကောင်စီဖွဲ့စည်းခြင်း

(၇၇) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း

(၇၈) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၇၉) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၈၀) နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

(၈၁) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၈၂) အမျိုးသားမြေအသုံးချမှုကောင်စီ ဖွဲ့စည်းခြင်း

(၈၃) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၈၄) မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဖွဲ့စည်းခြင်း

(၈၅) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

(၈၆) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ဥပဒေကြမ်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော် နာယကသည် လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-က နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၆ တို့နှင့်အညီ လွှတ်တော်၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးနော်တောင် | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်နွယ်နွယ်ဦး | ရောဝတီတိုင်းဒေသကြီး<br>မဲအများဆုံးရသူအနိုင်ယူစနစ်<br>မဲဆန္ဒနယ်အမှတ် (၂) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒေါက်တာ နန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒေါ်သန်းသန်းအေး (ခ)<br>တက္ကသိုလ်မေသူ | သဃ်္ဃန်းကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဒေါက်တာ ထွန်းထွန်းဝင်း | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | စိုင်းဝန်းဆမ် | မိုင်းခတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်နန်းကျင် (ခ) နန်းစိန် | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ဇင်ပပဦး | ဧရာဝတီတိုင်းဒေသကြီး အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဈ) | ဦးခိုင်ဝင်းအောင် | ဧရာဝတီတိုင်းဒေသကြီး မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ည) | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြိုင် | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးချုပ် မြင့်သောင်း | တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်ကြီး ဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |
| (ဏ) | ဦးသိန်းထွန်းဦး | အမရပူရမဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |

၂။ နာယကသည် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ပူးပေါင်းကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အစည်းအဝေးများပြုလုပ်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းနည်းလမ်းများသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇၊ ၁၂၈ နှင့် ၁၂၉ တို့တွင် ဖော်ပြထားရှိသည့်အတိုင်းဖြစ်သည်။

၄။ ပူးပေါင်းကော်မတီ၏ သက်တမ်းသည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်သည်။

(ပုံ) အောင်လင်းဒွေး
နာယက

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း**

၁။　ပြည်ထောင်စုလွှတ်တော် နာယကသည် လွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇-က၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၀ တို့နှင့်အညီ လွှတ်တော်၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးနေဘ်တောင် | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးချစ်ဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ် (၂) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဦးတေဇကျော် | အောင်မြေသာစံမဲဆန္ဒနယ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဦးမြတ်ကျော် | ကန့်ဘလူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ခင်စောမူ | ကန်ကြီးထောင့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးညွန့်ဆောင် | ရမည်းသင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းရွှေ | သံဖြူဇရပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးချစ်ဝေ | ကရင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ည) | ခွန်ဝင်းဦး | ကရင်ပြည်နယ်<br>အချိုးကျကိုယ်စားပြုစနစ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးချုပ် စိုးညွန့် | တပ်မတော်သား<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဗိုလ်မှူးချုပ် ဝင်းကိုကို | တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၃) | ဗိုလ်မှူးကြီး ဖြိုးမင်းဝင်း | တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |
| (ဏ) | ဦးတင်အောင်ချစ် | အောင်လံမဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |

၂။ နာယကသည် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ပူးပေါင်းကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ အစည်းအဝေးများ ပြုလုပ်ခြင်းနှင့် အစီရင်ခံစာ တင်ပြခြင်းနည်းလမ်းများသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၁၊ ၁၃၂၊ ၁၃၃ နှင့် ၁၃၄ တို့တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၄။ ပူးပေါင်းကော်မတီ၏ သက်တမ်းသည် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်း အတိုင်းဖြစ်သည်။

(ပုံ) အောင်လင်းဒွေး
နာယက

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

### ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဈ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယှဉ်တွဲပါ မဲဆန္ဒနယ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်–

| | | |
|---|---|---|
| (၁) | ဦးခင်မောင်ရီ | မင်းဘူး မဲဆန္ဒနယ် |
| (၂) | ဦးတင်အောင်စန်း | ဥတ္တရသီရိ မဲဆန္ဒနယ် |
| (၃) | ဦးမြထွန်းဦး | ပြင်ဦးလွင် မဲဆန္ဒနယ် |
| (၄) | ဦးအောင်ကျော်ဟိုး | လှိုင်သာယာ (အနောက်ပိုင်း) မဲဆန္ဒနယ် |

(၅) ဒေါက်တာ သက်ခိုင်ဝင်း မရမ်းကုန်း မဲဆန္ဒနယ်

(၆) ဦးမျိုးဇော်သိမ်း ပေါက်ခေါင်း မဲဆန္ဒနယ်

(၇) ဦးကိုကိုလွင် ပန်းတောင်း မဲဆန္ဒနယ်

(၈) ဦးခင်မောင်စိုး လှည်းကူး မဲဆန္ဒနယ်

(၉) ဦးထွန်းအုံ တာမွေ မဲဆန္ဒနယ်

(၁၀) ဒေါက်တာ မောင်သင်း မိတ္ထီလာ မဲဆန္ဒနယ်

(၁၁) ဦးမောင်မြင့် ဇမ္ဗူသီရိ မဲဆန္ဒနယ်

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈) ဦးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယှဉ်တွဲပါ မဲဆန္ဒနယ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်-

(၁) ဒေါ်စန်းစန်းနွယ် ရွှေပြည်သာ မဲဆန္ဒနယ်

(၂) ဦးရဲတင့် ချောက် မဲဆန္ဒနယ်

(၃) ဦးလင်းအောင် မြိတ် မဲဆန္ဒနယ်

(၄) ဦးလင်းဇော်ထွန်း မိုင်းဖြတ် မဲဆန္ဒနယ်

(၅) ဦးမျိုးမြင့် ကျိုက်မရော မဲဆန္ဒနယ်

(၆) ဒေါက်တာ သန့်ဇော်လွင် ညောင်လေးပင် မဲဆန္ဒနယ်

(၇) ဦးအေးထွန်း ကျောက်မဲ မဲဆန္ဒနယ်

(၈) ဦးဖြိုးဇော်စိုး မိုင်းပန် မဲဆန္ဒနယ်

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်သန်း သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ဃ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံရသော ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ဟိန်း သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

## နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့အရ နိုင်ငံတကာဆက်ဆံရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ ပွင့်ဆန်း | ရပ်စောက် မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးအေးချမ်း | လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးမိုးမင်းဦး | ငဖဲ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ကျော်သူ | မလှိုင် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးဆလိုင်းအောင်ပြည့် | တီးတိန် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာ မျိုးအောင် | တောင်ဥက္ကလာပ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်အေးမြမြကြိုင် | သာကေတ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးသန်းအေး | ကျောက်ဖြူ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုးလှ | ကျိုက်ထို မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးတင့်ဝေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ဇာခြည်လွင် | မိုးညို မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးယောအေးလှ | နန်းယွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်မှူးချုပ် ရဲလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဗိုလ်မှူးကြီး နေလင်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစန်းမြင့် | မြစ်သား မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည်-

(က) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။ အထက်ပါအချက်များကို ထိန်းညှိကူညီ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲ ဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကိုဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၃) ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဈ) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ယှဉ်တွဲပါ မဲဆန္ဒနယ်များတွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်လျက်ရှိကြောင်း ကြေညာအပ်ပါသည်-

၁။ ဦးတင်ဦးလွင် မန္တလေးတိုင်းဒေသကြီး
(မဲအများဆုံးရသူအနိုင်ယူစနစ်)
မဲဆန္ဒနယ်အမှတ်(၆)

| | | |
|---|---|---|
| ၂။ | ဦးမြင့်ကြိုင် | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ်(၁) |
| ၃။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ်(၄) |

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ပဲခူးတိုင်းဒေသကြီး၊ (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ရွှေမြင့် (ခ) ဒေါ်နှောင်းထွေး သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ယင်းမဲဆန္ဒနယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျက်ရှိကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ၊ ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ကချင်ပြည်နယ်၊ (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခွဲဘူ သည်

ဥပဒေနှင့်အညီ ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ယင်းမဲဆန္ဒနယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျက်ရှိကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

### လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ အမျိုးသားလွှတ်တော်၏ ရငွေ သုံးငွေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရတွဲဖက်မြို့နယ်တရားသူကြီး ဦးဟန်စိုးမင်း (တ/၃၄၉၅) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

သာဒွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ပျဉ်းမနားမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ရွှေစင်ဦး (တ/၃၇၁၄) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၃၂/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးခန့်စည်သူ<br>တ/၃၉၁၅ | သာစည်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်နှင်းထက်ထက်ခိုင်<br>တ/၄၀၁၅ | ဇလွန်<br>ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဦးဘုန်းမင်းခန့်<br>တ/၄၀၁၇ | သထုံ<br>မွန်ပြည်နယ် |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာ ခင်မောင်ဦး ၏ ကိုယ်ရေးအရာရှိ ဦးသန်းထွန်းဝေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/ လမန (နိုင်) ၁၁၀၃၅၄ အား ၎င်း၏ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားချက်အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ညနေပိုင်းမှစ၍ ကိုယ်ရေးအရာရှိအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးချစ် ၏ ကိုယ်ရေးအရာရှိ ဦးချမ်းသာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၉/ ပမန (နိုင်) ၂၆၁၉၈၆ အား ၎င်း၏ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားချက်အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ညနေပိုင်းမှစ၍ ကိုယ်ရေးအရာရှိအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်နန်းစန္ဒာစမ်း ၏ ကိုယ်ရေးအရာရှိ ဦးနှင်းမောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၅/မကန (နိုင်) ၀၆၀၆၀၉ အား ၎င်း၏ကိုယ်တိုင်ဆန္ဒပြုလျှောက်ထားချက်အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ညနေပိုင်းမှစ၍ ကိုယ်ရေးအရာရှိအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

### ကိုယ်ရေးအရာရှိခန့်ထားခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ ဦးထက်မြက်အောင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၆/ထဝန (နိုင်) ၁၁၇၂၆၁ ] ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။　လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) တွင် အမြင့်ဆုံးလစာငွေကျပ် ၃၂၈,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်သိမ်းဆည်းခြင်း

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ခွင့်ပြုခဲ့ပြီး သတ်မှတ်ကာလ (၄) နှစ်အတွင်း အပြည့်အဝဖော်ထုတ်စိုက်ပျိုးထားမှုမရှိသည့် ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၂၃၇၇.၅၃ ဧကအား ပြန်လည်သိမ်းဆည်းနိုင်ရေး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များထံ လှည့်လည်စာတွဲဖြင့် သဘောထားမှတ်ချက်ပြုပေးပါရန် ပေးပို့ခဲ့ရာ ဗဟိုကော်မတီအဖွဲ့ဝင်များမှ သဘောထားမှတ်ချက်ပြု ပြန်ကြားလာမှုအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်အတွင်း တစ်စိတ်တစ်ပိုင်းဖော်ထုတ်စိုက်ပျိုးပြီး ဖော်ထုတ်လုပ်ကိုင်မှုမရှိသည့် ဧရိယာများအား သိမ်းဆည်း၍ ခွင့်ပြုမိန့်ပြင်ဆင်ထုတ်ပေးမည့်စာရင်း**

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | သတ်မှတ်ကာလအတွင်း ဖော်ထုတ်ပြီးစီးသည့် ဧရိယာ (ဧက) | သတ်မှတ်ကာလအတွင်း ဖော်ထုတ်ခြင်းမရှိ၍ပြန်လည်သိမ်းဆည်းသည့် ဧရိယာ (ဧက) |
